ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၄၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၄၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျာ။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၄၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၄၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ဆက်လက်ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ၃-၁၀-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင်ဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ကျန်းမာရေးကိစ္စ။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)ငှင်းအတိုင်း။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ငှင်းအတိုင်း။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ငှင်းအတိုင်း။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ငှင်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ငှင်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ငှင်းအတိုင်း။ ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ငှင်းအတိုင်း။ ဦးစိုးသီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ငှင်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ငှင်းအတိုင်း။ ဦးဇော်မင်းလတ် (ခ) ဦးကိုလတ် ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ငှင်းအတိုင်း။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ကျန်းမာရေးကိစ္စ။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ငှင်းအတိုင်း။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ငှင်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) ငှင်းအတိုင်း။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ငှင်းအတိုင်း။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) ငှင်းအတိုင်း။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ငှင်းအတိုင်း။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ကျန်းမာရေးကိစ္စ။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ဒေသဖွံ့ဖြိုးရေး။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ငှင်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ် တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သားကိုယ်စားလှယ် တာဝန်ထမ်းဆောင်ရန်နှင့် ဗိုလ်မှူးသန်းဇော်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ် တာဝန်ထမ်းဆောင်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၂၈)ဦးဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ (၃၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်ကခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၀)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းသည့် မေးခွန်းများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တီးတိန်မြို့မှ ကလေးမြို့သို့ အရန်လမ်းအဖြစ် အသုံးပြုနိုင်မည့် ဗန်းတဲ့ - ဖုံး - ထန်နွဲ (၁၂.၅)မိုင် ဂျစ်ကားလမ်းကို (၁၈)ပေအကျယ် လမ်းချဲ့ပေးရန်နှင့် ထန်နွဲနှင့်ထုတ်လိုင်ကြား (၅.၅)မိုင် လမ်းကို (၁၈)ပေအကျယ် ကျေးရွာချင်းဆက်လမ်းအဖြစ် ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင် က တီးတိန်မြို့မှ ကလေးမြို့သို့ အရန်လမ်းအဖြစ် အသုံးပြုနိုင်မည့် ဗန်းတဲ့ - ဖုံး-ထန်နွဲ (၁၂.၅)မိုင် ဂျစ်ကားလမ်းကို (၁၈)ပေ အကျယ် လမ်းချဲ့ပေးရန်နှင့် ထန်နွဲနှင့်ထုတ်လိုင်ကြား (၅.၅)မိုင် လမ်းအကျယ်ကို (၁၈)ပေအကျယ် ကျေးရွာချင်းဆက်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးကျင့်ခန့်ပေါင် ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် တီးတိန်မြို့နယ်မှ အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ "တီးတိန်-ဆိုင်းဇန်-ဗန်းတဲ့-ဖုံး-ဖူနွမ်း-ထန်နွဲ-ထုတ်လိုင်" ရွာချင်းဆက်ကားလမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တီးတိန်မြို့မှ ကလေးမြို့အထိ (၅၆)မိုင်ဝေးတဲ့ အဝေးပြေးကားလမ်းမကြီးဟာ နယ်စပ်ကုန်သွယ်ရေးလမ်း ဖြစ်ပါတယ်။ နေ့စဉ် ကားအတက်အဆင်း (၃၀၀)ပတ်ဝန်းကျင်လောက် သွားလာဖြတ်သန်းတဲ့ ကားလမ်းမကြီး ဖြစ်ပါတယ်။ ကလေးမြို့က ထွက်တော့ မိုင်တိုင်အမှတ် (၃၅)နဲ့ (၄၈)အကြားဟာ နှစ်တိုင်း နှစ်တိုင်း ကားလမ်းပျက်စီးပြီး ၁ ရက်ကနေ ၁၀ ရက်အထိ ကားလမ်းပိတ်လေ့ရှိပါတယ်။ အဲဒီပိတ်လေ့ရှိတဲ့ ကားလမ်းတွေကို ယာယီလမ်းလွဲအဖြစ် အသုံးပြုနိုင်ရန်အတွက် "တီးတိန်-ဆိုင်းဇန်-ဗန်းတဲ့-ဖုံး-ဖူနွမ်း-ထန်နွဲ-ထုတ်လိုင်" (33)Mp (Fort White) လမ်းဟာ အသင့်တော်ဆုံးဖြစ်ပြီးတော့မှ ပုံမှန်လမ်းထက် (၁၅)မိုင်ပဲ ပိုရှည်တဲ့လမ်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းအတိုချုပ်ကတော့ တီးတိန်-ကလေး ကားလမ်းအဖြစ် အသုံးပြုနိုင်ရန် လမ်းလွဲအဖြစ် အသုံးပြုနိုင်ရန် နှင့် အရန်လမ်းအဖြစ် အသုံးပြုနိုင်ရန် ဗန်းတဲ့ - ဖုံး - ထန်နွဲ (၁၂.၅)မိုင် ဂျစ်ကားလမ်းကို (၁၈)ပေအကျယ် ကားလမ်း ဖောက်လုပ်ပေးရန်နှင့် ထန်နွဲနှင့် ထုတ်လိုင်ကြား လူသွားလမ်း (၅.၅)မိုင်ကို (၁၈)ပေ ကားလမ်း ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ ရှိလျှင် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြစ်ဝှမ်းဒေသရှိ ပုံစံ(၇)မရှိသော ကိုင်းကျွန်းမြေများကို စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း က မြစ်ဝှမ်းဒေသရှိ ပုံစံ(၇)မရှိသော ကိုင်းကျွန်းမြေများကို စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ အားလုံး ဥက္ကဋ္ဌကြီးနှင့်တကွ မင်္ဂလာပါလို့ ကျွန်တော် ဒီနေရာကနေ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ တင်ပြမယ့် မေးခွန်းကတော့ ကျွန်တော် ကိုယ်စားပြုတဲ့ ရေနံချောင်း၊ ချောက်မြို့နယ်တွင်သာမက မြစ်ဝှမ်းဒေသတိုင်းမှာ ဖြစ်ပေါ်နေသော ပြဿနာပါ။ ယခင်ကိုလိုနီအစိုးရနဲ့ အစိုးရအဆက်ဆက်မှာ မကြုံတွေ့ခဲ့ရပါဘူး။ မြစ်ဝှမ်းဒေသတစ်လျှောက်မှာရှိတဲ့ ကိုင်းစိုက်တောင်သူများဟာ ယခုလို မြစ်ရေ ကျဆင်းသွားသည့် ဆောင်းရာသီမှာ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ကြက်သွန်၊ ငရုတ်၊ အာလူးနှင့် ဟင်းသီး ဟင်းရွက်မျိုးစုံ စိုက်ပျိုးကြပါတယ်။ ဒါတွေဟာ စပါးမဟုတ်ပေမယ်လို့ ပြည်သူအတွက် မရှိမဖြစ်ပါ။ ဒီလိုစိုက်ပျိုးတဲ့နေရာမှာ မြေလုပ်ကိုင်ခွင့် (၃)မျိုးနဲ့ လုပ်ပါတယ်။ နံပါတ်(၁)မြစ်အတွင်းမှာပေါ်လာတဲ့ မြေနုကျွန်းများဟာ ပုံစံမမှန်သေးခင်မှာ တစ်နှစ်တစ်ရာသီ မြေစာရင်းကို တင်ပြပြီး မြို့နယ်မြေယာ စီမံခန့်ခွဲရေးအဖွဲ့ရဲ့ ကြီးကြပ်မှုဖြင့် မြေမဲ့ကိုင်းတောင်သူများကို မမြဲဦးပိုင်အဖြစ် လုပ်ပိုင်ခွင့် ချထား ပေးပါတယ်။ မြေဇကပေါ်မူတည်ပြီး မြေခွန် ပေးဆောင်ရပါတယ်။

(၂) ပေါ်လာတဲ့ မြေနုကျွန်းများဟာ ကမ်းပါး မပြိုဘဲ ပုံစံမှန်လာတဲ့အချိန်မှာ ကိုင်းတောင်သူ များကို အမြဲဦးပိုင်အဖြစ် ချထားပေးပါတယ်။ မြေလုပ်ပိုင်ခွင့်အတွက် မြေခွန်ဆောင်ရပါတယ်။ ယခု အမြဲဦးပိုင်များကို ပြီးခဲ့တဲ့အစိုးရက ပုံစံ(၇)ဖြင့် ပိုင်ဆိုင်ခွင့်ပေးပြီး ပုံစံ(၇)ရှိမှသာ စိုက်ပျိုးစရိတ် ချေးငွေ ထုတ်ချေးနေပါတယ်။ ကိုင်းစိုက်ဇကရဲ့ (၂၈)ရာခိုင်နှုန်းမျှလောက်သာ ပုံစံ(၇) ထုတ်ပေးထားတာ ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ အစိုးရလက်ထက် ကုမ္ပဏီနဲ့ စီးပွားရေးလုပ်ငန်းရှင်များ ဧက ထောင်သောင်းချီပြီး မြေလွတ်မြေရိုင်း လျှောက်ထားရယူခွင့်မြေများကို အသိအမှတ်ပြုနိုင်ရန် ပုံစံ(၇) ဖြင့် ပိုင်ဆိုင်ခွင့်ပြုခဲ့တာကို ကြားထဲက မြစ်ဝှမ်းဒေသမှာရှိတဲ့ ပုံစံ(၇) ထုတ်မပေးသော ပုံစံ (၇) ထုတ်မရ သော ကိုင်းစိုက်တောင်သူများမှာ ဓားစာခံ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ယခင်ကကဲ့သို့ ကိုင်းစိုက် တောင်သူများရဲ့ လုပ်ပိုင်ခွင့်မြေဇကကို မြေစာရင်းနှင့် စိုက်ဘဏ် ညှိနှိုင်းပြီး မြို့နှင့် မြေယာကြီးကြပ်ရေး ကော်မတီ အသိအမှတ်ပြုမှုဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးနိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**ရော်ဘာခြံ၊ ဆီအုန်းခြံ၊ ယူကလစ်ခြံတို့ကဲ့သို့ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများနှင့် နွားခြံ၊ ငါးကန်၊ ပုစွန်ကန်၊ ကဏန်းကန်တို့ ကဲ့သို့သော စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ ဧကထောင်၊ သောင်းချီသော မြေလွတ်မြေရိုင်းများကို လျှောက်ထားရယူထားခဲ့ကြသော်လည်း ၂၀၁၂ ခုနှစ်၊ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိသည့် အသင်းအဖွဲ့များနှင့် ထိုအသင်းအဖွဲ့များ ရယူပိုင်ဆိုင် ထားသည့် မြေယာများအပေါ် ဥပဒေနှင့်အညီ မည်ကဲ့သို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က ရော်ဘာခြံ၊ ဆီအုန်းခြံ၊ ယူကလစ်ခြံတို့ကဲ့သို့ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများနှင့် နွားခြံ၊ ငါးကန်၊ ပုစွန်ကန်၊ ကဏန်းကန်တို့ကဲ့သို့ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ ဧက ထောင်၊ သောင်းချီသော မြေလွတ်မြေရိုင်းများကို လျှောက်ထားရယူခဲ့ကြသော်လည်း ၂၀၁၂ ခုနှစ်၊ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် အသင်းအဖွဲ့များနှင့် ထိုအသင်းအဖွဲ့များ ရယူပိုင်ဆိုင်ထားသည့် မြေယာများအပေါ် ဥပဒေနှင့်အညီ မည်ကဲ့သို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အားလုံးကို မင်္ဂလာပါလို့ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ရေးမြို့နယ်က ဦးမျိုးဝင်း ဖြစ်ပါတယ်။ ခုန ဥက္ကဋ္ဌကြီး ဖတ်ကြားသွားတဲ့ ကျွန်တော့်မေးခွန်းရှည်ကြီးမှာပါတဲ့အတိုင်းပါပဲ ဥပဒေကို မျက်လှည့်ပြပြီး မောင်ပိုင်စီးခံထားရတဲ့ နိုင်ငံတော်ပိုင်မြေတွေကို တည်ဆဲမြေယာဥပဒေများနှင့်အညီ မည်ကဲ့သို့ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုတဲ့အတွက် အဆိုတင်ဖို့ မူလက စဉ်းစားထားပေမယ့် အကြောင်းကြောင်းကြောင့် မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာလုပ်ပိုင်ခွင့်ချထားပေးတာဟာ စိုက်ပျိုးရေးထုတ်ကုန်တွေကနေ နိုင်ငံခြားဝင်ငွေရရှိပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ ၂၀၁၀ နဲ့ ၂၀၁၅ အတွင်း သစ်တောဧကပေါင်း တစ်သန်းသုံးသိန်းခွဲလောက် ပြုန်းတီးခဲ့ရပါတယ်။ သစ်တောထွက် အရင်းအမြစ်တွေကို မှီခိုရပ်တည်နေရတဲ့ ဒေသခံတိုင်းရင်းသားတွေ ဆင်းရဲကျပ်တည်းကုန်ကြပါတယ်။ နိုင်ငံအနှံ့အကျိုးအဆက်က နွေဆို ရေအလျှုရှင်မျှော်၊ မိုးဆို ကယ်ဆယ်ရေးပစ္စည်းမျှော်တဲ့ဘဝ ရောက်ကုန်ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ မြေယာဥပဒေအရ ဧက (၅၀၀၀)ကို (၇၅)ရာခိုင်နှုန်း စိုက်ပြီးမှသာ တစ်ကြိမ်ပြီး တစ်ကြိမ် ငါးသောင်းအထိ တိုးမြှင့်နိုင်ပါတယ်။ ဧက(၅၀၀၀၀)ဆိုတာ (၉)မိုင် ပတ်လည်ကျယ်ပါတယ်။ ဒါပေမဲ့ အချို့တွေက တစ်ခါတည်းနဲ့ ဧက သိန်းချီ ပိုင်ဆိုင်ကြတာကိုလည်း တွေ့ရပါတယ်။ မြန်မာပြည်မှာ အဲဒီလို ခြံကျယ်ကြီးတွေမှာ အောင်မြင်စွာစိုက်ပျိုး ဖြစ်ထွန်းနေတာ

တွေကတော့ ပိုင်ရှင်ရှိသည် မကျူးကျော်ရဆိုတဲ့ ဆိုင်းဘုတ်တွေပဲ ဖြစ်ပါတယ်။ လက်ဦးမှုယူပြီး သစ်ခုတ် လူမြင်ကွင်းမှာ နည်းနည်းစိုက်ပြ ဈေးကောင်းရင် ပြန်ရောင်းဖို့ အကွက်ချောင်းနေကြတဲ့ အဲဒီမြေတွေကြောင့် ထွက်ကုန်တွေလျော့ သီးနှံဈေးတွေတက် လူငယ်တွေ နိုင်ငံခြားထွက်ကုန်၊ မထွက်နိုင်သူတွေက ပိုက်ဆံရရင် ပြီးရောဆိုတဲ့ဘဝ ရောက်ကုန်ကြပြီး နိုင်ငံကြီးလည်း ဒုစရိုက်မှုတွေ ထူပြော၊ စာရိတ္တတွေ၊ လူသားအရင်းအမြစ်တွေ ချွတ်ခြုံကျကုန်ကြပါတယ်။ ငွေရှင်တွေ ကြိုဝယ်ထားကြတဲ့ မြန်မာပြည်အနှံ့က ပြောင်းလဲသုံးစွဲခွင့် လျှောက်ထားကြတဲ့လယ်မြေတွေလည်း ဒီအတိုင်းပါပဲ။ ၂၀၁၂ လယ်ယာမြေ ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(ဈ)မှာ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်မြေကို လပ်ထားခြင်း မပြုရလို့ ပြဋ္ဌာန်းထားသလို ပုဒ်မ ၃၁ မှာ လျှောက်ထားပြီးမလုပ်ရင် ပြန်လည်သိမ်းယူနိုင်တယ်ဆိုတဲ့ ဥပဒေပြဋ္ဌာန်းထားပေမယ့် လက်တွေ့မှာတော့ အဲဒီဥပဒေတွေဟာ စာအုပ်ထဲမှာပဲ ယနေ့တိုင် အိပ်ပျော်နေဆဲပါပဲ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အာဆီယံမှာ ဒုတိယအကျယ်ဆုံးဖြစ်ပြီး Population Density (80.06) သာရှိတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေဟာ မြေယာပိုင်ဆိုင်မှု အခွင့်အရေးကောင်းတဲ့ နိုင်ငံသားတွေ ဖြစ်ရမှာပါ။ ဒါပေမဲ့ လက်တွေ့မှာတော့ မိသားစု တစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်တဲ့ မြေလွတ်မြေလပ်နဲ့ လယ်မြေယာမြေဆိုတာ ကောက်ရိုးပုံထဲ အပ်ရှာသလို အရှာရခက်တဲ့ နိုင်ငံဖြစ်နေရခြင်းဟာ ဒီအခု အခွင့်ထူးခံတွေရဲ့ လက်ဦးမှု ရယူထားကြခြင်းရဲ့ အကျိုးဆက်ဖြစ်တာကြောင့် ဒါကို ပြုပြင်နိုင်ဖို့အတွက် ရည်ရွယ်ပြီး အထက်ပါမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ နိုင်ငံသားအားလုံး နိုင်ငံသားအခွင့်အရေး တန်းတူရရှိနိုင်ကြပါစေ။ (သြဘာသံများ)

**စိုက်ပျိုးစရိတ်ချေးငွေအား လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တောင်သူလယ်သမား တစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စိုက်ပျိုးရေးနှင့် ပတ်သက်သော အကျိုးပြု စိုက်ပျိုးနည်းပညာ သင်တန်းများအား ကျေးရွာအုပ်စုအထိ သွားရောက် သင်တန်း ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး က စိုက်ပျိုးရေးစရိတ်ချေးငွေအား လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တောင်သူလယ်သမား တစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စိုက်ပျိုးရေးနှင့် ပတ်သက်သော အကျိုးပြု စိုက်ပျိုးနည်းပညာ သင်တန်းများအား ကျေးရွာအုပ်စုအထိ သွားရောက် သင်တန်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါ်အိအိပြုံး ၊ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။ ကျွန်မရဲ့ မေးခွန်းနှင့်ထပ်တူပဲ စက်တင်ဘာ ၂၂ ရက်နေ့က ပြည်ထောင်စုလွှတ်တော်၏

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အကြံပြုချက်ကိုလည်း ကြိုဆိုပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ လက်ရှိ စိုက်ပျိုးစရိတ်ချေးငွေအား ဝိုင်းကြီးချုပ်ခေါ် (၁၀)ဦးစပ် စနစ်မှ ဝိုင်းလေးချုပ်ခေါ် (၃)ဦးစပ်စနစ်သို့ ပြောင်းလဲကျင့်သုံးပြီး နိုင်ငံတော်မှ တစ်ဧကလျှင် (၁)သိန်းခွဲနှုန်းဖြင့် တောင်သူလယ်သမားများအား ချေးပေးခြင်းအပေါ် တောင်သူများ ဝမ်းပန်းတသာလည်း ရှိကြပါတယ်။ သို့ရာတွင် ထိုဝိုင်းကြီးချုပ်၊ ဝိုင်းလေးချုပ်မှာ တစ်ဦးတစ်ယောက်က ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခဲ့ပါက ကျန်တဲ့အဖွဲ့ဝင်များဟာလည်း အသစ်ပြန်လည်ငွေထုတ်ချေးခွင့်မရဘဲ နစ်နာမှုများစွာ ကြုံတွေ့နေရပါတယ်ရှင်။ လက်ရှိအစိုးရဟာ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဒီမိုကရေစီစနစ်အား ဖော်ဆောင်ရာမှာ ပြည်သူတစ်ဦးချင်းရဲ့ တာဝန်ယူမှု တာဝန်ခံမှု ရှိရန်မှာလည်း အင်မတန်မှ အရေးကြီးပါတယ်ရှင်။

ထို့အတွက်ကြောင့် တောင်သူလယ်သမားတစ်ဦး ထိုစိုက်ပျိုးစရိတ် ချေးယူရာမှာ မိမိကိုယ်ကိုကိုယ် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် တစ်ဦးချင်းအား ထုတ်ချေးပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် ရှိပါကလည်း မည်သည့်ခုနှစ်တွင် မည်သို့သော တာဝန်ခံမှုနှင့် ယာမြေစိုက်ပျိုးချေးငွေများအတွက်လည်း မည်ကဲ့သို့ ချေးပေးမည်ကို သိရှိလိုပါကြောင်းနှင့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန် လိုအပ်သည့်အကြောင်းအရာ များစွာထဲမှာ တောင်သူအများစု လိုအပ်၍ ဖြည့်ဆည်းပေးစေလိုကြောင်း ပြောကြားလာသည့် အဓိကအချက်မှာ စိုက်ပျိုးရေးနည်းပညာ လိုအပ်နေခြင်း ဖြစ်ပါတယ်ရှင်။ တောင်သူများဟာ မိမိတို့ရဲ့ မိရိုးဖလာအသိများဖြင့် စိုက်ပျိုးနေကြရပြီး တာဝန်ခံမှု ကင်းမဲ့သော ပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာများအား အရောင်းဆိုင်များ၏ ပြောကြားချက်၊ ကိုယ့်တောင်သူ အချင်းချင်း ဟုတ်လိမ့်နိုးနိုးဖြင့် မသေချာသည့် အသိပေး ဖြန့်ဝေခြင်းများအပေါ်တွင်သာ အားပြု၍ စိုက်ပျိုးနေကြရခြင်း ဖြစ်ပါတယ်ရှင်။ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရန်အတွက် လယ်ယာကဏ္ဍတိုးတက်အောင် အမှန်တကယ် ဆောင်ရွက်အကောင်အထည်ဖော်မည်ဆိုပါက အဆင့်ဆင့်သော လိုအပ်ချက်များထဲမှ စိုက်ပျိုးရေးပညာပေးလုပ်ငန်းများကို လယ်သမားထုတစ်ရပ်လုံးအား သိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးဟာလည်း အဓိက လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်ရှင်။

ထို့ကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်သော အကျိုးပြုသင်တန်းများအား ကျေးရွာအုပ်စုအဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့်သွားရောက် သင်တန်းပေးရန် အစီအစဉ် ရှိ/မရှိအား တောင်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။ ။** လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ဒီနေ့ အမျိုးသားလွှတ်တော်ကို မေးမြန်းထားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့မေးခွန်းများကို ဖြေကြားဖို့လာတဲ့ ကျွန်တော် ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ချင်းပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် ချင်းပြည်နယ်၊ တီးတိန်မြို့မှ ကလေးမြို့သို့ အရန်လမ်းအဖြစ် အသုံးပြုနိုင်တဲ့ ဗန်းတဲ့-ဖုံး-ထန်နွဲ့လမ်း အရှည်(၁၂)မိုင်(၅)ဖာလုံ၏ လက်ရှိအခြေအနေမှာ (၈)ပေ အကျယ် ဂျစ်ကားလမ်းဖြစ်ပြီးတော့ ကျေးရွာ(၄)ရွာ၊ အိမ်ခြေ(၆၇၇)ရှိ လူဦးရေ (၄၅၉၀)ဦးတို့အား အကျိုးပြုပါသည်။ အဆိုပါဂျစ်ကားလမ်းအား (၁၈)ပေအကျယ် မြေသားလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပါက ငွေကျပ်သန်းပေါင်း(၁၈၀.၄၅)သန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။

တီးတိန်မြို့နယ်၊ ထန်နွဲ့-ထုတ်လိုင် ကျေးရွာချင်းဆက်လမ်းအရှည် (၅)မိုင်(၄)ဖာလုံ၏ လက်ရှိအခြေအနေမှာ (၈)ပေအကျယ် ဂျစ်ကားလမ်းဖြစ်ပြီးတော့ ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၁၉၇)ရှိ လူဦးရေ(၁၀၉၃)ဦးတို့အား အကျိုးပြုမည်ဖြစ်ပါသည်။ အဆိုပါ ဂျစ်ကားလမ်းအားလည်း (၁၈)ပေ အကျယ် မြေသားလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပါက ငွေကျပ်(၇၈.၆၁)သန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။ ချင်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တစ်ပြည်နယ်လုံးအတွက် ခွင့်ပြုရန်ပုံငွေကျပ် (၅၈၂၁.၄၁)သန်းဖြင့် လျာထားပါတယ်။ တီးတိန်မြို့နယ်အတွက်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေကျပ် (၆၉၆)သန်းဖြင့် မြေသားလမ်း(၁၄)မိုင်(၆)ဖာလုံ၊ သစ်သားတံတား(၇)စင်းတို့အား လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုအဆင့်မှ လမ်း၊ တံတားလုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ လမ်းအမျိုးအစားနှင့် လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်း၊ တံတားစံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ လမ်းနယ်သတ်မှတ်ခြင်း၊ လမ်းပိုင်ဆိုင်မှု နယ်နိမိတ်သတ်မှတ်ခြင်းနှင့် Strategy and Investment Plan ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုအဆင့် သတ်မှတ်ချက် Criteria နှင့်အညီ ဦးစားပေးရွေးချယ်ခြင်းကို ပြည်နယ်/တိုင်းဒေသကြီးမှ သက်ဆိုင်သူ အဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေး၍ နှစ်တို၊ နှစ်ရှည် စီမံကိန်း (Master Plan) ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်/တိုင်းဒေသကြီးများမှ Master Plan အရ ဦးစားပေး ရေးဆွဲတင်ပြလာသည့် လုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်ပြီးတော့ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ တီးတိန်မြို့နယ်အတွင်းမှာရှိတဲ့ ဗန်းတဲ့ - ဖုံး - ထန်နွဲ့လမ်းနှင့် ထန်နွဲ့ - ထုတ်လိုင် ကျေးရွာချင်းဆက်လမ်းတို့အား စိုက်ပျိုးရေး၊

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိခဲ့ပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဦးစားပေး လျာထားတင်ပြချက်များအပေါ်မှာ မူတည်၍ လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ မကွေးတိုင်းဒေသကြီး မြစ်ဝှမ်းဒေသရှိ ပုံစံ(၇)မရှိသော ကိုင်းကျွန်းမြေများကို စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ မကွေးတိုင်းဒေသကြီးမှာ ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်း ဝဲယာများ၌ ကိုင်းမြေဧရိယာပေါင်း(၇၈၆၉၈)ဧက တည်ရှိပါသည်။ မြို့နယ်ပေါင်း(၁၄)မြို့နယ်၊ ရပ်ကွက်ပေါင်း(၁၅)ခု၊ ကျေးရွာအုပ်စုပေါင်း(၁၉၁)အုပ်စု ပါဝင်လျက်ရှိပြီးတော့ ကိုင်းမြေဧရိယာ (၇၈၆၉၈)ဧကအနက် ပုံစံ(၇) ထုတ်ပေးပြီးဧက (၇၄၃၂၈)ဧက ဖြစ်ကြောင်း သိရှိရပါသည်။

ပုံစံ(၇)ထုတ်ပေးရန် ကျန်ရှိတဲ့ (၄၃၇၀)ဧကမှာ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ် အတွင်းမှာဖြစ်ပြီးတော့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေနှင့် ထောက်ရှာပင် ရေနံမြေဧရိယာများအတွင်း တည်ရှိနေသော အဆိုပါမြေများကို ယင်းရေနံမြေများ၏ ကန့်ကွက်မှုရှိခဲ့သဖြင့် ပုံစံ(၇) ထုတ်ပေးရန် ကျန်ရှိနေကြောင်း သိရှိရပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ငွေထုတ်ချေးရန်အတွက် တင်ပြသူသည် ပုံစံ(၇)ရရှိပြီးသူ ဖြစ်ရမည်။ ၎င်းလက်မှတ်မိတ္တူတစ်စောင်ကို ဘဏ်သို့ ကြိုတင်ပေးပို့ထားရရှိပြီးတော့ ငွေချေးရန် ဘဏ်သို့လာရောက်သည့်အခါ ဘဏ်က တိုက်ဆိုင်စစ်ဆေးနိုင်ရန် လက်မှတ်မူရင်း ပြသရန် ယူဆောင်လာရမည်ဟု ညွှန်ကြားထားရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ရေနံမြေများအတွင်း တည်ရှိနေသော ရေနံမြေများသည် လယ်ယာမြေ ပုဒ်မ ၃ အခ်ပွာယ်ဖွင့်ဆိုထားသည့် လယ်ယာမြေဆိုသည့် စကားရပ်တွင် အကျုံးဝင်ခြင်း မရှိသေးပါသဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ယင်းဧရိယာများအား ရေနံမြေဧရိယာမှ ပယ်ဖျက်ပြီးတော့ နိုင်ငံတော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်အပ်နှံပြီးမှသာလျှင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများ တရားဝင်လုပ်ကိုင်ခွင့် ရရှိနိုင်ရေးကို စီစဥ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် ပုံစံ(၇) မရရှိသေးသော မြေများနှင့် ပတ်သက်ပြီးတော့ စိုက်ပျိုးစရိတ်ငွေ ထုတ်ချေးပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

တတိယမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်း ၏ ရော်ဘာခြံ၊ ဆီအုန်းခြံ၊ ယူကလစ်ခြံတို့ကဲ့သို့သော စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများနှင့် နွားခြံ၊ ငါးကန်၊ ပုစွန်ကန်၊ ကဏန်းကန်တို့ ကဲ့သို့သော စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ ဧက ထောင်၊ သောင်းချီသော မြေလွတ်မြေရိုင်းများကို လျှောက်ထားခွင့်ရယူထားခဲ့

ကြသော်လည်း ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် အသင်းအဖွဲ့များနှင့် ထိုအသင်းအဖွဲ့များ ရယူပိုင်ဆိုင်ထားသည့် မြေယာများအပေါ် ဥပဒေနှင့်အညီ မည်ကဲ့သို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ မွန်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်၊ မတ်လမတိုင်မီအထိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ နှစ်ရှည်ရော်ဘာစိုက်ပျိုးရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ကိုင်ခွင့်ကို ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အဖွဲ့အစည်း(၆၂၄)ဦး ဧရိယာပေါင်း (၂၇၅၂၇.၃၁၆)ဧက၊ ချက်ကြံစိုက်ပျိုးရန် တောင်သူ(၂)ဦး၊ ဧရိယာ(၁၄၉၃.၅၆)ဧက၊ ရေငန်ပုစွန်မွေးမြူရေး ဆောင်ရွက်ရန် တောင်သူ(၁)ဦး၊ ဧရိယာ(၁၂၂)ဧက စုစုပေါင်း ပုဂ္ဂလိက၊ ကုမ္ပဏီ အဖွဲ့အစည်း(၆၂၇)ခု၊ ဧရိယာပေါင်း(၂၉၁၄၂.၈၇၆)ဧကတို့ကို လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ လုပ်ကိုင်ခွင့်ပြုခဲ့သည့် ဧရိယာများအနက် (၂၅၂၇၅.၃၇၆)ဧကမှာ ခွင့်ပြုထားသည့်နည်းလမ်းအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သော်လည်း ပုဂ္ဂလိက လုပ်ငန်းရှင် (၂၀)ဦး၏ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားသည့် ဧရိယာ (၃၈၆၇.၅၀)ဧကသည် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရန် ကျန်ရှိနေသေးကြောင်း တွေ့ရှိရပါသည်။

၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂(ဂ) အရ မူလခွင့်ပြုချက်ကာလထက်ကျော်လွန်နေသည့်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု လည်းကောင်း၊ ပုဒ်မ ၂၂(ဃ)အရ မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန်ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်များကို ချိုးဖောက်ကြောင်း တွေ့ရှိရပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခံရမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနည်းဥပဒေ ၄၈ အရလည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမပြဋ္ဌာန်းမီမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူသည် မူလခွင့်ပြုချက်ကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်လျှင် သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်လျှင် တင်သွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းခြင်းခံရမည်ဟုလည်းကောင်း၊ နည်းဥပဒေ ၄၉ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ မပြဋ္ဌာန်းမီမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူသည် ယင်းခွင့်ပြုမိန့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်းပြီးတော့ ခွင့်ပြုမိန့်ထုတ်ပေးထားသည့် ရက်စွဲနှင့် စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီးတော့ အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်အသုံးပြုသောဧရိယာနှင့် ကျန်ရှိနေသော ဧရိယာတို့ကို ဓာတ်ပုံ မှတ်တမ်းများ ပူးတွဲပြီးတော့ အထောက်အထားခိုင်လုံစွာဖြင့် မှတ်တမ်းပြုစု၍ ဗဟိုကော်မတီသို့ တင်ပြရမည်ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ၏ ရော်ဘာခြံ၊ ဆီအုန်းခြံ၊ ယူကလစ်ခြံတို့ကဲ့သို့ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများနှင့် နွားခြံ၊ ငါးကန်၊ ပုစွန်ကန်၊ ကဏန်းကန်ကဲ့သို့သော စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ ဧက ထောင်၊ သောင်းချီသော မြေလွတ်၊ မြေရိုင်းများကို လျှောက်ထားရယူခဲ့ကြသော်လည်း ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် အသင်းအဖွဲ့များနှင့် ထိုအသင်းအဖွဲ့ များ ရယူပိုင်ဆိုင်ထားသည့် မြေယာများအပေါ်မှာ ဥပဒေနှင့်အညီ မည်ကဲ့သို့ ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီးတော့ လုပ်ကိုင်ခွင့်ပြုခဲ့တဲ့ ကာလ (၄)နှစ် ကျော်လွန်ပြီဖြစ်ပါသဖြင့် ခွင့်ပြုဧရိယာအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် ဧရိယာများနှင့် ပတ်သက်ပြီးတော့ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ များနှင့်အညီ အသစ်ပြင်ဆင်ဖွဲ့စည်းမည့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကွင်းဆင်းစစ်ဆေးစေ၍ ခွင့်ပြုဧရိယာအတွင်းမှ ပယ်ဖျက်နိုင်ရေး ကို ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်စေမည်ဖြစ်ပြီးတော့ ဗဟိုကော်မတီက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ခွင့်ပြုမိန့်အား တရားဝင်ပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အိအိပြုံး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားရမယ် ဆိုလို့ရှိရင်တော့ မေးခွန်းရဲ့ ပထမပိုင်းဖြစ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေနဲ့စပ်လျဉ်းပြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာမှာ တောင်သူလယ်သမားများ၏ ရွှေ့ပြောင်း နိုင်သော ပစ္စည်းဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းဖြစ်စေ အာမခံရယူခြင်းလုံးဝမရှိဘဲနဲ့ ၎င်းတို့ဆန္ဒ အရ ဖွဲ့စည်းထားသည့် တောင်သူလယ်သမားအဖွဲ့အလိုက် တာဝန်ယူမှုကိုသာ အားပြုပြီးတော့ နှစ်စဉ် နှစ်တိုင်း အလွန်များပြားသော ငွေပမာဏကို ထုတ်ချေးပေးနေခြင်းဖြစ်ပါတယ်။ ငွေချေးယူသူ တစ်ဦးချင်း အနေဖြင့် မိမိကိုယ်တိုင် ချေးယူငွေအတွက်သာမက မိမိအဖွဲ့ပါ ကျန်(၂)ဦးအတွက်လည်း အပြည့်အဝ တာဝန်ယူကြောင်းနှင့် မိမိကိုယ်တိုင်ချေးယူငွေ ပြေကျေပြီးဖြစ်စေကာမူ ကျန်အဖွဲ့ဝင်(၂)ဦးက ပြေကျေ ခြင်းမရှိပါက ချေးငွေသစ် တင်ပြတောင်းဆိုခွင့်မရှိကြောင်း ချေးငွေညွှန်ကြားစာတွင်လည်းကောင်း၊ ချေးငွေစာချုပ်တွင်လည်းကောင်း အတိအလင်း ဖော်ပြထားပြီးဖြစ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ချေးငွေရန်ပုံငွေအတွက် မြန်မာ့စီးပွားရေးဘဏ်က နေပြီးတော့ထံမှ အတိုးဖြင့်ချေးယူရပြီးတော့ မြန်မာ့စီးပွားရေးဘဏ်ချေးငွေသည် နှစ်ချင်းဆပ်ချေးငွေ ဖြစ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က သတ်မှတ်ရက်အတွင်း ပေးဆပ်နိုင်ရန်တာဝန်ရှိပါသည်။ သတ်မှတ်ရက်အတွင်း ပေးဆပ်နိုင်ခြင်းမရှိပါလျှင် မြန်မာ့စီးပွားရေးဘဏ်က နောက်ထပ်ချေးငွေအသစ် အတွက် ရန်ပုံငွေ ထပ်မံခွင့်ပြုပေးခြင်းမရှိပါ။ တောင်သူလယ်သမားများ၏ ပြန်လည်ပေးဆပ်မှုအပေါ် မူတည်၍သာ ဤဘဏ်မှ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးဆပ်နေရခြင်းဖြစ်၍ ချေးငွေထုတ်ချေးခြင်းနှင့် အပေးအယူလည်ပတ်မှု ပုံမှန်စီးဆင်းနိုင်ရန်အတွက်မှာ တောင်သူလယ်သမားများ၏ ပေးဆပ်မှုအပေါ် တွင်သာ ရာနှုန်းပြည့် မူတည်နေပါသည်။

တောင်သူများသို့ ထုတ်ချေးငွေမှာ နိုင်ငံတော်ဘဏ္ဍာငွေများဖြစ်ပြီးတော့ ချေးယူသူက ပြန်လည်ပေးဆပ်ခြင်း မရှိပါက နည်းဥပဒေ ၃၆(က)အရ မြေခွန်တော်ဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ပါသည်။ သို့ရာတွင် ၎င်းဥပဒေအရ သတိပေးစာထုတ်ခြင်း၊ ဝရမ်းကပ်ခြင်း၊ လေလံတင်ရောင်းချခြင်း၊ လူဖမ်းဝရမ်းထုတ်ဆင့်ခြင်းများကို အချိန်ယူဆောင်ရွက်ရမည်ဖြစ်ရာ ကာယကံရှင်အားပြစ်ဒဏ်ချမှတ်နိုင်မည်ဖြစ်သော်လည်း နိုင်ငံတော်ဘဏ္ဍာငွေမှာ ဆုံးရှုံးသွားနိုင်ပါတယ်။ သို့ပါ၍ နိုင်ငံတော်ဘဏ္ဍာငွေများ မဆုံးရှုံးစေရန်လည်းကောင်း၊ တောင်သူလယ်သမားများ ၎င်းတို့ကိုယ်ပိုင်ပစ္စည်းများကို အာမခံတင်သွင်းခြင်းမပြုဘဲနဲ့ စိုက်ပျိုးစရိတ်ချေးငွေများကို ရရှိနိုင်စေရန်အတွက်လည်းကောင်း ရည်ရွယ်ပြီးတော့ တောင်သူလယ်သမားအဖွဲ့အလိုက် အာမခံစနစ်ဖြင့်သာ ချေးငွေထုတ်ချေးပေးနေရခြင်း ဖြစ်ပါသည်။

ချေးငွေထုတ်ချေးရာမှာ ချေးငွေပြေကျေသည့် ကျေးရွာအုပ်စုအလိုက် ပြေကျေသည့်တောင်သူလယ်သမားအဖွဲ့များကို ဦးစားပေး ထုတ်ချေးနေခြင်း ဖြစ်သဖြင့် ချေးငွေများကို အချိန်မီထုတ်ချေးနိုင်ရေးအတွက် တောင်သူလယ်သမားအဖွဲ့များ ဖွဲ့စည်းစဉ်ကပင် မိမိတို့စိတ်တိုင်းကျတာဝန်ယူနိုင်သည့် ပုဂ္ဂိုလ်များကစုစည်းပြီးတော့ မိမိအဖွဲ့ဝင်အချင်းချင်း တာဝန်ယူသည့်စိတ်ဓာတ်ဖြင့်ဖွဲ့စည်းကြရန် လိုအပ်ပါကြောင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေများကို လာမည့် ၂၀၁၇-၂၀၁၈ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် တောင်သူလယ်သမားများ၏ အဖွဲ့အလိုက် တာဝန်ခံမှုစနစ်ဖြင့်သာ ဆက်လက်ဆောင်ရွက်ထုတ်ချေးသွားရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

စိုက်ပျိုးနည်းပညာသင်တန်းများနှင့်ပတ်သက်တဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ စိုက်ပျိုးနည်းပညာသင်တန်းများအား ကျေးရွာအုပ်စုအထိ သွားရောက်သင်တန်းပေးခြင်းနှင့် စပ်လျဉ်းပြီးတော့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းပြီး မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးသန့်ပွားမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ နည်းပညာပြန့်ပွားရန်သင်တန်း၊ ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ သုတေသနနှင့်နည်းပညာ ပြန့်ပွားရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ပြည်ပစီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ရာမှာ နည်းပညာ ပြန့်ပွားရေးအတွက် ရုံးချုပ်ဌာနခွဲများအလိုက် ပညာရှင်များ ပါဝင်သည့် Mobile Team အဖွဲ့များကို တစ်နှစ်လျှင် နှစ်ကြိမ်တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးရွာများအရောက်ပညာပေးသင်တန်း၊ ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များရှိ ဝန်ထမ်းများမှလည်း ကျေးရွာအရောက်ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ်၊ မေလ မှ သြဂုတ်လအထိ အကြိမ်ပေါင်း (၂၃၈၀)ကြိမ်၊ တောင်သူလယ်သမားပေါင်း (၁၀၈၈၀၄)ဦးတို့ကို ပညာပေး ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ စိုက်နည်းစနစ်ဆိုင်ရာ အသိပညာများ၊ မြေဆီလွှာဆိုင်ရာ အသိပညာများ၊ မျိုးပြောင်းလဲမှုဆိုင်ရာ အသိပညာများ၊ ပိုးမွှားနှင့် ရောဂါဆိုင်ရာ အသိပညာများ၊ မြေသြဇာနှင့် ပိုးသတ်ဆေး သုံးစွဲမှုဆိုင်ရာ အသိပညာများပါဝင်သည့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူ ပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ်၊ ဧပြီလမှ သြဂုတ်လကုန်အထိ အကြိမ်ပေါင်း (၁၂၅၁၄)ကြိမ်တွင် တောင်သူလယ်သမားပေါင်း (၅၄၉၅၂၆)ဦးအား အသိပညာပေးပြီး

ဖြစ်ပါတယ်။ ဆက်လက်၍လည်း တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရှိ ဝန်ထမ်းများမှ ကျေးရွာအရောက် သင်တန်းများ၊ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ပို့ချပေးလျက်ရှိပါသည်။

သုတေသနနှင့် နည်းပညာ ပြန့်ပွားရေးအတွက် ယခုနှစ် မိုးစပါးရာသီအတွင်း စပါးသီးနှံ၊ ပဲမျိုးစုံသီးနှံ၊ အစေ့ထုတ်ပြောင်းသီးနှံ၊ ဆီထွက်သီးနှံ၊ ဝါသီးနှံ၊ ကြံသီးနှံနှင့် သီးနှံပုံစံ စသည့် စမ်းသပ်ကွက်များကို စိုက်ပျိုးပြသခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးတတ်စေရန် (Good Agricultural Practice)GAP စံပြကွက်အဖြစ် စပါး (၃၄၉၆၅)ဧက၊ အစေ့ ထုတ်ပြောင်း (၁၆၉၃၈)ဧက၊ ဝါ(၂၀၃)ဧက၊ ကြံ(၂၅၅)ဧက၊ ဂုန်လျှော် (၁၁)ဧက၊ ချဉ်ပေါင်လျှော် (၅၁)ဧကတို့ကို တောင်သူများအား စိုက်ပျိုးပြသနိုင်ခဲ့ပြီးတော့ သီးနှံစိုက်ပျိုးရာသီအလိုက် စံပြကွက်များကို ဆက်လက် စိုက်ပျိုးပြသဆောင်ရွက်လျက်ရှိပါသည်။ ပြဋ္ဌာန်းထားသည် ဥပဒေများဖြစ်သော မျိုးစေ့ဥပဒေ၊ မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုး စီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ရေးအတွက်လည်း ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။

တောင်သူများအား အသိပညာကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် Media ဖြစ်သော (TV) (Farmer Channel) တွင် ဧပြီလမှ ယနေ့အထိ ပညာပေး Video အစီအစဉ် အပုဒ်ရေ(၁၈၇)ပုဒ်ကိုလည်းကောင်း၊ သတင်းပုဒ်ရေ (၁၀၆၄)ပုဒ်ကို လည်းကောင်း ထုတ်လွှင့်ပြီး ဖြစ်ပါတယ်။ သတင်းစာများတွင် စိုက်ပျိုးရေးဆိုင်ရာ နှီးဆော်ချက်များနှင့် ဂျာနယ်များတွင်လည်း စိုက်ပျိုးရေးဆိုင်ရာ တောင်သူ ပညာပေးဆောင်းပါးများကို ရေးသားဖော်ပြလျက်ရှိပါတယ်။

နောက်ဆုံးအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အထက်ဖော်ပြပါ လုပ်ငန်းများကို ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ဝန်ထမ်းများမှ ကျေးရွာအရောက် သွားရောက်သင်တန်းပို့ချခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားရင်းနဲ့ ကျွန်တော့်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လိုရင်းကို မေးပါ။

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝန်ကြီးဖြေသွားတာ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်လုံးကို ကျွန်တော် တစ်နိုင်ငံလုံးမှာရှိတဲ့ မြစ်ဝှမ်းဖြစ်နေပါတယ်။ ခုဟာက မန်းချောင်းလေးတင် ဖြေသွားပါတယ်ခင်ဗျား။ နောက်တစ်ချက်က ကျွန်တော်တို့က မြေဧကဆိုတဲ့ ပြောတဲ့နေရာမှာလည်း တကယ်တမ်းကျတော့ ဒီမြစ်ကြောင်းတစ်လျှောက်ရဲ့ (၂၀)ရာခိုင်နှုန်းလောက်ပဲ ရှိသေးတယ်။ အဲဒါလည်း မဟုတ်ပါဘူး။ ဒါကြောင့် ဝန်ကြီးနဲ့ ကျွန်တော် ဆွေးနွေးခွင့်ရမယ်ဆိုရင် ကျွန်တော်ကို အချိန်ပေးပါခင်ဗျား။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဖြေကြားထားတာ မြစ်ဝှမ်းမဟုတ်ဘဲနဲ့ ကုန်းပေါ်က ကျွန်တော်တို့ ရေနံမြေနဲ့ ပတ်သက်တဲ့ ပိုင်ဆိုင်ထားတဲ့ လယ်မြေများ ဖြေကြားထားတာဆိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ထပ်မံ ကျွန်တော်တို့ ရှင်းလင်းနိုင်အောင် ကျွန်တော်တို့ကိုယ်တိုင်တွေ့ဆုံပြီးတော့၊ ဌာနနဲ့တွေ့ဆုံပြီးတော့ ကိုယ်စားလှယ်

တော်ကြီးနဲ့ ကျွန်တော် ညှိနှိုင်းပြီးတော့ နေ့ရက်သတ်မှတ်ပြီးတော့ ကျွန်တော်တို့ ဖြေရှင်းပေးဖို့ အဆင်သင့်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လိုရင်းကို မေးပါ။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ကျွန်တော့် မေးခွင့်ပြုပါခင်ဗျား။ ခုနက ဖြည့်စွက်ခွင့်လေးပါ။ ကျွန်တော့်မေးခွန်းမှာ နိုင်ငံအနှံ့ ဆိုတဲ့ စာလုံးလေး(၄)လုံး ကျန်ရစ်သွားတဲ့ အတွက်ကြောင့် ကျွန်တော်တို့ အခုမေးခွန်းက မွန်ပြည်နယ်အတွက် သီးခြားလို ဖြစ်သွားပါတယ်။ ဆီအုန်းခြံတို့၊ ယူကလစ်ခြံတို့၊ နွားခြံတို့၊ ငါးကန်တို့ဆိုတာ မွန်ပြည်နယ်ထဲမှာ မရှိပါဘူး။ ဒါကြောင့် ကျွန်တော် မေးတဲ့ မေးခွန်းရဲ့ ရည်ရွယ်ချက်က နိုင်ငံအနှံ့ဆိုတဲ့ မေးခွန်းဖြစ်တဲ့အတွက်ကြောင့် ဒီဟာကို ကျွန်တော်က ဖြည့်စွက်ပြီးတော့ ဒီ ဝန်ကြီးဌာနအနေနဲ့ သိရှိဖို့လိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြည့်စွက်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော် ဦးသန့်စင်မောင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးအနေနဲ့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေမူကြမ်းကို အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြမှာဖြစ်ပါတယ်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဟာ အားလုံးသိရှိကြပြီးဖြစ်တဲ့အတိုင်း ၁၈၆၅ ခုနှစ်၊ Irrawaddy Flotilla Co.Ltd အဖြစ်နဲ့ အဲဒီ့ကတည်းကစတင် တည်ထောင်ခဲ့ပါတယ်။ ၁၉၄၈ မှာ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၊ ၁၉၇၂ မှာ ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ၁၉၈၉ မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဆိုပြီးတော့ နာမည်အမျိုးမျိုးပြောင်းလဲပြီးတော့ နှစ်ပေါင်း (၁၅၀)ကျော် မြန်မာနိုင်ငံရဲ့ ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အရေးပါခဲ့တဲ့ အစိုးရပိုင် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ဆိုရှယ်လစ်ခေတ်ကစပြီးတော့ အစိုးရခေတ်

အဆက်ဆက် ဆောင်ရွက်ခဲ့တဲ့အခါမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းကိုလည်းပဲ (၆)ကျပ်နှုန်းနဲ့ပဲ ကုန်ကျစရိတ်ကို ပြရတယ်။ ဒီဇယ်ဆီကို အပြင်မှာဈေးကြီးနေတဲ့အချိန်မှာ အစိုးရဈေးနှုန်းနဲ့ပဲ သက်သာခွင့်ရတယ်။ အစိုးရလုပ်ငန်းနဲ့ပတ်သက်တဲ့ ကုန်ပစ္စည်းတွေကိုသယ်ဆောင်ရာမှာလည်း တစ်ဦးတည်း ကြီးစိုးသယ်ယူခွင့်ရရှိတယ်။ ဒီလိုအခြေအနေတွေကြောင့်၊ သက်သာခွင့်ရတဲ့ အခြေအနေတွေကြောင့်မို့ အမြတ်ငွေတွေ ရရှိခဲ့ပါတယ်။

ဒါပေမဲ့ တကယ်တမ်း နိုင်ငံတော်ကနေပြီးတော့ ဈေးကွက်စီးပွားရေးစနစ်ကို အမှန်တကယ် ပြောင်းလဲကျင့်သုံးလာတဲ့အခါကျတော့ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ ဒီဇယ်ဆီဈေးနှုန်းတွေကိုလည်းပဲ ဈေးကွက်ပေါက်ဈေးနဲ့အညီ ပေးချေရတယ်။ ဝန်ထမ်းလစာတွေကိုလည်း အကြိမ်ကြိမ်တိုးချဲ့ပြင်ဆင် တိုးမြှင့်ပေးခဲ့တယ်။ တစ်ခါ ရေကြောင်းတွေ ကျပ်တည်းပြီးတော့ ရေဆူးတွေ၊ ကန့်သန့်ချက်တွေ များလာတဲ့အတွက်ကြောင့်မို့လို့ မိမိမှာရှိနေတဲ့ နှစ်ထပ်သင်္ဘောကြီးတွေဟာ အားလုံးကို မသွားလာနိုင်တော့ဘူး။ အခြားပုဂ္ဂလိက ရေယာဥ်တွေနဲ့လည်း ပြိုင်ဆိုင်လာရတယ်။ မော်တော်ကားလမ်းနဲ့ မြစ်ကူးတံတားတွေ ကောင်းမွန်လာတဲ့အတွက်ကြောင့် ကုန်းလမ်းပို့ဆောင်ရေးနဲ့လည်း မယှဥ်ပြိုင်နိုင်တော့ဘူး။ ခေတ်နဲ့ လျော်ညီတဲ့ ရေယာဥ်တွေကိုလည်း ရင်းနှီးမြှုပ်နှံမှုမရှိဘူး။ ဒါကြောင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဟာ ၂၀၀၆-၂၀၀၇ လောက်ကစပြီးတော့ အရှုံးပေါ်လာတယ်။

အဲဒီမှာ လွန်ခဲ့တဲ့အစိုးရလက်ထက်တုန်းကတော့ အရှုံးပေါ်နေတဲ့ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းတွေ၊ (State Owned Enterprise-SOE) တွေကို စီးပွားရေးဆန်ဆန် Corporation တွေ အဖြစ်နဲ့ ပြောင်းလဲဖို့ကြိုးစားခဲ့တယ်။ ရည်ရွယ်ချက်အနေနဲ့ကတော့ အင်မတန်ကို တကယ်ကောင်းမွန်တဲ့ လုပ်လဲလုပ်ရမယ့် အလုပ်ဖြစ်ပါတယ်။ ဒီနေရာမှာ အဆင်သင့်မဖြစ်သေးခင်မှာ နိုင်ငံတော်အစိုးရရဲ့ ဘတ်ဂျက်ထဲကနေပြီးတော့ ထွက်ပစ်လိုက်တာ ဖြစ်ပါတယ်။ အဲဒီအခါကျတော့ ကိုယ့်ပိုက်ဆံ ကိုယ်သုံး ရတယ်။ ကိုယ်ဟာ့ကိုယ် ရပ်တည်လာတဲ့အခါကျတော့ တကယ်တမ်း SOEs Reform ကို State Owned Enterprise Reform ကို ဆောင်ရွက်တဲ့အခါမှာ တကယ်တမ်းက Corporatization Laws ဒါမှမဟုတ် SOE Reform Law ဆိုတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ပူးပေါင်းလိုက်နာဆောင်ရွက်ကြရမယ့် Mother Law ကြီး၊ ပင်မဥပဒေကြီးဟာ မရှိဘူး။ မရှိသေးခင်မှာ သူက Notification နဲ့ ထွက်ချလိုက်တယ်။ အဲဒီမှာ SOEs တစ်ခုစီရဲ့ သီးခြားဥပဒေတွေကို ကိုယ့်ဘာသာကိုယ် ရေးဆွဲလိုက်ပြီးတော့ လွှတ်တော်ရဲ့ အတည်ပြုချက်တွေကို ရယူခဲ့ပါတယ်။

အဲဒီမှာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတုန်းကတော့ ထုတ်ပြန်ခဲ့တဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေဆိုတာ ပါဝင်ပါတယ်။ တကယ်တမ်း Corporatization Law မှာ နိုင်ငံပိုင် စီးပွားရေးတစ်ခုကို ကော်ပိုရေးရှင်းတစ်ခုအဖြစ်နဲ့ ဖွဲ့စည်းတော့မယ်ဆိုရင် နိုင်ငံတကာမှာ စံပြုထားကြရတဲ့၊ လိုက်နာဆောင်ရွက်ကြရတဲ့ Organization For Economic Cooperation and Development (OECD) ဆိုတဲ့ အဖွဲ့ကြီးရဲ့ အခြေခံဥပဒေသတွေကို လိုက်နာဖို့လိုအပ်မှာဖြစ်ပါတယ်။ (OECD)တွေရဲ့ Principle For Corporatization ထဲက အဓိကဥပဒေဟာ၊ အဓိက Principle အချို့ကို ကျွန်တော် Power Point နဲ့တင်ပြခွင့်ပြုပါခင်ဗျား။

အဲဒီမှာ (OECD) Guide Line တွေဟာ ကျွန်တော် အဲဒီထဲက (၅)ချက်လောက်ပဲ ထုတ်လိုက်မယ်။ Principle (1)ကတော့ ဒီသတ်မှတ်ထားတဲ့ အစိုးရဝန်ကြီးဌာန ဒါမှမဟုတ် အေဂျင်စီ (သို့မဟုတ်) ဦးပိုင်ကုမ္ပဏီတစ်ခုခုအောက်မှာ ကော်ပိုရေးရှင်းဖွဲ့စည်းရမယ်။ အဲဒါကတော့ ဘယ်အောက်မှာ နေတော့လို့ ဆိုပြီးတော့ ဗဟိုချုပ်ကိုင်မှုနည်းလမ်းနဲ့ပဲ သတ်မှတ်ပေးလိုက်ရမှာ။ ဥပမာ အီတလီနိုင်ငံမှာဆိုရင် ကော်ပိုရေးရှင်း SOEs တွေကို ဘဏ္ဍာရေးဝန်ကြီးအောက်မှာထားပါတယ်။ အင်ဒိုနီးရှား နိုင်ငံမှာကျတော့ ဝန်ကြီးဌာန ဒီ SOEs များ အုပ်ချုပ်တဲ့ ဝန်ကြီးဌာန သီးခြားဖွဲ့ပါတယ်။ တရုတ်နိုင်ငံမှာတော့ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီးတော့ အုပ်ချုပ်ပါတယ်။ အဲဒီတော့ မလေးရှားနိုင်ငံမှာကျတော့ ဦးပိုင် ကုမ္ပဏီတစ်ခုရဲ့ ကြီးကြပ်မှုအောက်မှာ ဒီ ထားရှိပါတယ်။ Corporatized SOEs ကို အဲသလို ထားရမှာ ဖြစ်သော်လည်းပဲ ကျွန်တော်တို့မှာကျတော့ ကျွန်တော်အောက်မှာပဲ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်မှာပဲ ထားတော့ Conflict of Interact ဖြစ်တတ်တယ်လို့ သူတို့က ပြောပါတယ်။

နောက် Principle (2)ကတော့ တကယ့် Autonomy Right ကို အစိုးရသြဇာနဲ့ ကင်းလွတ်ပြီးတော့ ကိုယ်တိုင်ဆုံးဖြတ်ခွင့်ရှိတဲ့ ဒီ Board of Driectors အဖွဲ့တွေ၊ ခုနပြောတဲ့ ဒီစီးပွားရေး ဆန်ဆန်ဆောင်ရွက်ဖို့လိုအပ်တဲ့အတွက်ကြောင့် နိုင်ငံရေးအရ ဦးစားပေးရတာတွေ၊ ပြည်သူရေးရာ မူဝါဒ အရ အမိန့်ပေးတဲ့ဆုံးဖြတ်ချက်တွေ မရှိပဲနဲ့သူက လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့်ရှိရမှာဖြစ်ပါတယ်။ Principle (3)ကတော့ ဒီလွတ်လပ်ပြီးတော့ အတွေ့အကြုံရှိတဲ့ Board of Driectors တွေနဲ့ ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ အဲဒါတွေလည်း ကျွန်တော်တို့က မဖွဲ့စည်းရသေးဘူးဖြစ်နေပါတယ်။ ကုမ္ပဏီများကို ကြွေးရှင်းတဲ့ Clean Balance Sheet Plan ဒီအစပြုရမှာဖြစ်ပါတယ်။ အရင်အနှစ်နှစ်အလလက ဖြစ်ပေါ်လာခဲ့တဲ့ နိုင်ငံခြားအကြွေးတွေအပါအဝင် ကြွေးမြီတွေကို သူ့ကို မပေးလိုက်ရဘူး။ အဲဒီ ကြွေးမြီတွေကို နိုင်ငံတော်က တာဝန်ယူလိုက်ရမှာဖြစ်ပါတယ်။ ဝန်ထမ်းဟောင်းတွေရဲ့ ပင်စင်တွေ ဆိုရင်လည်းပဲ နိုင်ငံတော်က တာဝန်ယူရမှာဖြစ်ပါတယ်။

Principle (5) အဲဒါကတော့ Corporatized Companies တွေကို လုံလောက်တဲ့ Start -up Capital ကို ပေးလိုက်ရမှာဖြစ်ပါတယ်။ အဲဒီအချက်အလက်တွေ ဒါက ကျွန်တော် ထုတ်ပြတာပါ။ အဲဒီ (၅)ချက်တွေနဲ့ တကယ်တမ်း မကိုက်ညီတဲ့ အချက်အလက်တွေဟာ အဲဒီ ၂၀၁၄ ခုနှစ်က ဒီဇင်ဘာလက အတည်ပြုခဲ့တဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အက်ဥပဒေမှာပါပြီးတော့ အဲဒီ့ဥပဒေအတိုင်း မလိုက်နာနိုင်ဘူးလဲဖြစ်နေတယ်။ အဲဒီဥပဒေကလည်းပဲ အဲဒီ့အချက်အလက်တွေ၊ အားနည်းချက်တွေ ရှိနေခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။ အဲဒီတော့ ဥပမာ ကျွန်တော်ပြောပြရမယ်ဆိုရင် ဒီ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်က၊ စထွက် လိုက်တော့ နိုင်ငံတော်ကနေပြီးတော့ သူ့ကို သန်းပေါင်း (၅၉၀၀)ကျော် ပေးလိုက်ပါတယ်။ (၅၉၀၅.၉၂၉)သန်းပေးလိုက်ပါတယ်။ ဒါပေမဲ့ အဲဒီမတိုင်ခင်က ပင်စင်ယူသွားသော ဝန်ထမ်းဟောင်းတွေရဲ့ပင်စင်(၃)နှစ်စာ ၂၀၁၃-၁၄၊ ၂၀၁၄-၁၅၊ ၂၀၁၅-၁၆ (၃)နှစ်စာ ပင်စင်ဖိုးကိုက သန်းပေါင်း (၆၇၂၉) ဖြစ်ပါတယ်။ ပေးလိုက်တာက (၅၉၀၅)၊ ပင်စင်ဖိုးတွေချည်းပဲကိုက သန်းပေါင်း(၆၇၀၀)၊ အဲဒီတော့ သူက ဘယ်လိုမှ သူဘာသူ ရင်းနှီးမြှုပ်နှံမှုကိုလည်း မလုပ်နိုင်ဘူး။ သင်္ဘောအဟောင်းတွေက လည်း တအားကြီး ဟောင်းနေပြီ။ နှစ်(၄၀)နဲ့ နှစ်(၆၀)နဲ့ အဲလိုတွေဖြစ်နေတော့ သူက ဒီလိုင်းတွေလည်း မလျော့နိုင်ဘူး။ လိုင်းတွေကလည်း လျော့ပြေးရတယ်။ အဲဒီမှာ သူ့ရဲ့ဝင်ငွေကလည်း မရတဲ့အတွက်

ကြောင့် သဘော်လိုင်းတွေလည်း လျော့ရင်းလျော့ရင်း၊ ဝင်ငွေတွေကလည်း ကျရင်းကျရင်းနဲ့ ဝန်ထမ်းတွေရဲ့ လစာပေးဖို့တောင်မှ အခက်အခဲရှိလာတာကို တွေ့ရပါတယ်။

အခုဆိုရင် လိုင်း(၁၆)လိုင်း၊ (၁၈)လိုင်းလောက်ပဲ ကျန်တယ်။ တကယ်အကျိုးရှိတဲ့လိုင်းက အရင် ဂျပန်နိုင်ငံက အကူအညီပေးခဲ့တဲ့ ချယ်ရီကူးတို့လေးနဲ့ ဒလနဲ့ ရန်ကုန်နဲ့ ကူးနေတဲ့ ချယ်ရီကူးတို့လေး တစ်နေ့ကို (၆၀၀၀၀)လောက် ခရီးသည်လေးတွေတွေ သယ်ပေးနိုင်တယ်။ ဒီလို အကျိုးရှိတဲ့ဟာဆိုလို့ တော်တော့်ကို နည်းနည်းပါးပါးပဲ ကျန်ပါတော့တယ်။ ဒီသဘော်ဟောင်းတွေကိုလည်းပဲ နှစ်(၄၀)နဲ့နှစ်(၆၀)ကြာနေပြီးတော့ လေလံတင်ရင်တောင်မှ သံကျွတ်ဈေးလောက်ပဲရနိုင်တဲ့ အနေအထားမျိုး ရှိပါတယ်။

ဒါကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီးတော့ ဘာလုပ်ကြမလဲလို့ဆိုပြီး ADB နှင့် JICA ပညာရှင်တွေနဲ့ ကျွန်တော်တို့ ညှိနှိုင်းတဲ့အခါကျတော့ လောလောဆယ် Corporatization ကို ပီပီပြင်ပြင် မဆောင်ရွက်နိုင်သေးခင်မှာ ခေတ္တ ဒီ အစိုးရ ဘတ်ဂျက်ထဲကို ခဏပြန်ပြီးတော့ ခိုလှုံလိုက်ပါ။ ပြီးပြီဆိုမှ Fully Corporatized သို့မဟုတ် Partially Corporatized သို့မဟုတ် Privatization ကို သွားနိုင်ဖို့ရာအတွက် သေသေချာချာပြင်ဆင်ဖို့ရာအတွက် အကြံပြုပါတယ်။ ဒါကြောင့် အဲဒီ့အကြံပြု နိုင်ငံတော်ဘတ်ဂျက်အတွင်းမှာ ပြန်ထားဖို့ရာအတွက် နိုင်ငံတော်ရဲ့ စီးပွားရေးကော်မတီမှာ ကျွန်တော်တို့ (၃) ရက် (၆) လမှာ ကျင်းပတဲ့ စီးပွားရေးရာကော်မတီ ၄/ ၂၀၁၆ မှာ ညှိနှိုင်းပါတယ်။ အဲဒီမှာ အားလုံးဝိုင်းဝန်းဆွေးနွေးကြ၊ အတည်ပြုကြပြီးတဲ့နောက်မှာ ဒီ ၂၂ ရက် ၆ လ Cabinet မှာအတည်ပြုပါတယ်။ ပြုပေမယ့် အဲဒီ့ဟာကို တကယ်စနစ်တကျ ပြန်ဝင်နိုင်ဖို့ကျတော့ အခုလက်ရှိ ဥပဒေဟာ ဒီဥပဒေအရဆိုရင် ကျွန်တော်တို့ လုပ်လို့မရပါဘူး။ ဒါကြောင့် ၂၀၁၄ ကပြဋ္ဌာန်းတဲ့ ဒီဥပဒေကို ရုပ်သိမ်းကြမှ ဖြစ်မယ်ဆိုပြီးတော့ ရှေ့နေချုပ်ကလည်း အကြံပြုပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့လည်း ညှိနှိုင်းပါတယ်။ ညှိနှိုင်းပြီးတဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဥ် ၂၂ ရက် ၉ လက လုပ်တဲ့ အစည်းအဝေးကနေပြီးတော့ သဘောတူညီချက်အရ ဒီလွှတ်တော်ကို အဆိုပြုတင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လောလောဆယ်အနေနဲ့ Corporate ဖွဲ့စည်းခြင်း၊ Corporatization ကို စနစ်တကျ မဆောင်ရွက်နိုင်သေးဘူး။ ဒီ State Owned Enterprise တွေကို Corporatized အနေနဲ့ပြောင်းလဲဖို့ရာအတွက် အမှန်တကယ်လိုအပ်တဲ့ မိခင်ဥပဒေ Corporatization Law ကိုလည်း မပြဋ္ဌာန်းနိုင်သေးဘူး။ တစ်ခါပြည်တွင်းရေကြောင်းပို့ဆောင်ရေးရဲ့ ဘဏ္ဍာရေးအခြေအနေအရ ဝန်ထမ်းများကို လစာပေးရာမှာ အခက်အခဲရှိပြီးတော့ အကြွေးတွေကိုလည်း ပြန်ဆပ်ဖို့ရာ လိုအပ်နေတယ်၊ ဒါကြောင့် လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း လက်တွေ့ကျင့်သုံးနိုင်ဖို့လည်း မရှိတဲ့အတွက်ကြောင့် ကျွန်တော် အခုတင်ပြခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်အနေနဲ့ လက်ခံဆွေးနွေးပေးပါရန်နှင့် ထောက်ခံ အတည်ပြုပေးပါရန် အလေးအနက် မေတ္တာရပ်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ပြည့်ဖြိုး ဖြစ်ပါတယ်။ ဒီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းဟာ ကျွန်တော်တို့ နိုင်ငံစီးပွားရေးရဲ့ အကျိုးအမြတ်ပေါ်မှာ အခြေခံပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းမဟုတ်ပါဘူး။ ကျွန်တော်တို့ ပြည်သူတွေဘေးအန္တရာယ်ကင်းကင်း ရှင်းရှင်း လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ဖို့နှင့် ဒီကုန်စည်တွေ ကူသန်းပို့ဆောင်နိုင်ဖို့ကို ဆောင်ရွက်ပေးရတဲ့ အများပြည်သူပိုင်ပို့ဆောင်ရေးလုပ်ငန်းတစ်ခုပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာနအနေနဲ့လည်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ကို တရားဝင်ကူးပြောင်းနိုင်ခြင်းမရှိသေးတဲ့အတွက် ဒီဥပဒေပါ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော်နိုင်ဆောင်ရွက်ခြင်းလည်းမရှိသေးပါဘူး။ ဒါကြောင့် ပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဒီပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းကို ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၆ -၃၂၂

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ ၂၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၂၇-၉-၂၀၁၆ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်ပညာရှင်တို့နှင့် ၂၈-၉-၂၀၁၆ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ မူလဥပဒေတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍသို့ ကူးပြောင်းနိုင်ရေးအတွက် ကိုယ်ပိုင်စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့အဖြစ် အသွင်ပြောင်းလဲဖွဲ့စည်းနိုင်ရန် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁ အဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

၃။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် အကျိုးအမြတ်ပေါ် အခြေခံ၍ ဆောင်ရွက်ရသည့်လုပ်ငန်းမဟုတ်ဘဲ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန်နှင့် ကုန်စည်များ ကူးသန်းပို့ဆောင်နိုင်ရန် ဆောင်ရွက်ရသည့် အများပြည်သူပိုင် ပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။

၄။ အဆိုပါပြန်လည်ရုပ်သိမ်းမည့်ဥပဒေ ထုတ်ပြန်ပြီးချိန်မှစ၍ ယနေ့အထိ ပို့ဆောင်ရေးနှင့် ဆယ်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့သို့ တရားဝင်ကူးပြောင်းနိုင်ခြင်းမရှိသေးသဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ ယနေ့တိုင် ဝန်ကြီးဌာန၏ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ်သာ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြသဖြင့် သိရပါသည်။ ထို့ကြောင့် ယင်းဥပဒေကို ဆက်လက်ပြဋ္ဌာန်းရန်မသင့်ဘဲ ရုပ်သိမ်းသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၅။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊

အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့ ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၁) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၂) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]